# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၁၄/၂၀၁၇)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၁၇) ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၄) ခု ခွင့်ပြုခဲ့ပြီး လုပ်ငန်း (၂) ခုကို အတည်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုခဲ့သည့် လုပ်ငန်း (၅) ခုရှိပြီး ယခုအစည်းအဝေး ကာလတွင် စုစုပေါင်း လုပ်ငန်း (၁၁) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၇၉.၉၅၆) သန်းကို ခွင့်ပြု/အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၃,၁၂၅)ခုကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း (၁၁) ခုမှာ စက်မှုကဏ္ဍ လုပ်ငန်း (၇) ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၁)ခု၊ လျှပ်စစ်ဓာတ်အားကဏ္ဍ (၁)ခု နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ လုပ်ငန်း(၂)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ တတိယပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၇၄) ခု၊ ရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄,၁၄၉.၄၁၇)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၄,၇၇၉.၄၆၉)သန်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူး စီးပွားရေး ဇုန်တွင် ရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၂၃၇.၅၄၆)သန်း ခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၅,၀၁၇.၀၁၅)သန်း ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၅) ခု ခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း (၁) ခုရှိသဖြင့် စုစုပေါင်း လုပ်ငန်း(၆)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၇၂.၁၂၄) သန်း အပါအဝင် ကျပ် (၁၆၆,၅၁၇.၈၆၇) သန်း ခွင့်ပြု/အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း(၂,၉၂၁)ခုကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း (၆) ခုမှာ အိမ်ယာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ (၁)ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ (၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၁) ခု၊ လျှပ်စစ်ကဏ္ဍ (၁) ခု၊ စက်မှုကဏ္ဍ(၁)ခုနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ(၁)ခု တို့ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ တတိယပတ်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၇၈)ခု၊ အမေရိကန် ဒေါ်လာ (၈၀၄.၁၀၆)သန်း အပါအဝင် ကျပ် (၂,၈၆၇,၉၀၄.၂၃၀) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၉၁၀.၅၃၇) သန်း အပါအဝင် ကျပ်(၃,၁၆၁,၆၁၆.၇၆၇)သန်း ခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm